ခေါင်ဖူးရွာသစ်ကျေးရွာ
ခေါင်ဖူးရွာသစ်ကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့နယ်
ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ခေါင်ဖူးရွာသစ်ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

သြဂုတ်လ၊ ၂၀၁၈

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၆

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၆

(က) သီးနှံစိုက်ပျိုးရေး ၆

(ခ) မွေးမြူရေးလုပ်ငန်း ၇

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၇

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၇

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၈

(ခ) ကျေးရွာမီးလင်းရေး ၈

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၈

၆။ ပညာရေး ၈

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၉

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၉


၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၀


နောက်ဆက်တွဲ


နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၃

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား ၆၇

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၇၇


ရေးဆွဲပြသည့်ပုံ
ဘုန်းကြီးကျောင်း
သင်္ချိုင်း
အောက်ခံအုတ်
ကျောင်းတော်
ကားလမ်း
ရွှံ့လမ်း


ခေါင်းဆောင်ကျောင်းသားများ ကွင်းကွင်းအလိုက် အစည်းအဝေး ခေါ်တာ


ရေဒီယိုကြော်ငြာအချက်
Jan
Feb
Mar
April
May
June
July
August
Sept
Oct
Nov
Dec

၁။ တည်နေရာနှင့် ပထဝီအနေအထား

ခေါင်ဖူးရွာသစ်ကျေးရွာသည် ကချင်ပြည်နယ် ခေါင်ဖူးရွာသစ်ကျေးရွာအုပ်စု ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး တောင်ဘက်တွင် ခေါင်ဖူးရွာဟောင်းကျေးရွာနှင့် တာလောကြီး တိုက်နယ်၏ အရှေ့မြောက်ဘက်တွင်တည်ရှိပါသည်။ ကျေးရွာသည်မြေပြန့်ဒေသ ဖြစ်၍ မြစ်ကြီးနား မြို့နှင့် မိုင်(၃၀)ခန့်ကွာဝေးပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရာသီဥတုသင့်တင့်မျှတသည်။ သဘာဝပေါက်ပင်များအနေဖြင့် ရှားပါးလာပြီး နွားစာနှင့် ပါတ်သက်၍ စားကျက်မြေသီးသန့်မရှိသောကြောင့် အခက်အခဲအနည်းငယ်ရှိသည်။ သဘာဝပေါက်ပင် များကို ထိရောက်စွာအသုံးချနိုင်ခြင်းမရှိသောပဲ ခုတ်ယူထုတ်ရောင်းသောကြောင့် မျိုးသုဉ်းပျောက်ကွယ် ပြီး ရှားပါးသွားပြီဖြစ်သည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း အနည်းငယ်သာကျန်ရှိတော့ သည်။စိုက်ပျိုးရေ အနေဖြင့် မိုးရေကိုသာသုံးစွဲကြပြီး အဓိကအားကိုးသုံးစွဲကြသည်။ ကျေးရွာ တွင် သဘာဝသယံဇာတအရင်းအမြစ်များအနေဖြင့် ခါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်နှင့် အခြား တွင်းထွက် သယံဇာတများမရှိပါ။ ဆောက်လုပ်ရေးအတွက် သဲနှင့် ကျောက်ကို လိုသလောက် အသင့်အတင့် ရရှိနိုင် သော်လည်း ရရှိရန်ခက်ခဲသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ခေါင်ဖူးရွာဟောင်းကျေးရွာတွင်း အဖွဲ့ပေါင်း(၆)ဖွဲ့ရှိပြီး အဖွဲ့အားလုံးမှာလူမှုရေးကို အခြေခံသော အဖွဲ့များ ဖြစ်ကြပြီး လူမှုရေးသီးသန့်ဦးဆောင်သောအဖွဲ့ (၅) ဖွဲ့ရှိပြီး လုံခြုံရေး နှင့်ကာကွယ်ရေးကို ဦးဆောင်သော အဖွဲ့(၁)ဖွဲ့ဖြစ်သည်။ ၄င်းအဖွဲ့များအနက် ရပ်ရွာ၏ လိုအပ်ချက်အရဖွဲ့စည်းထားသော အဖွဲ့ (၂) ဖွဲ့ရှိပြီး ၄င်းအဖွဲ့များမှာ ရပ်မိရပ်ဖအဖွဲ့နှင့် လူငယ်အဖွဲ့များ မှ စွမ်းဆောင်နိုင်မှုလည်း ကောင်း သည်။ တာဝန်ယူမှု၊တာဝန်ခံမှု အပြည့်အဝရှိပြီးလူထုနှင့်လည်း အချင်းချင်းအပြန်အလှန် ယုံကြည်မှု ရှိသည်။ လုပ်ငန်းလုပ်ဆောင်မှုကောင်းမွန်ပြီး ကြာရှည်လည်းရပ်တည် နိုင်ကြသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် ၁၂.၅ဧကအထက် တောင်သူကြီး (၅၇) အိမ်ထောင်စု၊ ၁၂.၅ဧကနှင့် ၅ဧက ကြား တောင်သူလတ် (၄၁) အိမ်ထောင်စု၊ ၅ဧကမှ ၂.၅ဧကကြား အိမ်ထောင်စု (၇)စု နှင့် မြေယာမဲ့ (၄) အိမ်ထောင်စု နှင့် မြေယာမဲ့ (၃၃) အိမ်ထောင်စုရှိသည်။ အဓိကအားဖြင့် စပါး၊ နှမ်း နှင့် ပြောင်းကို အားကိုးစိုက်ပျိုးကြသည်။ မြေဆီလွှာ အရည်အသွေးအသင့်အတင့် ကောင်းသည်။

ကျေးရွာတွင် လယ်အများစုမှာမိုးရေကို အဓိကထား စိုက်ပျိုးကြရပြီး စပါးထွက်နှုန်းမှာ တစ်ဧက ပျှမ်းမျှ (၆၀) တင်းထွက်သည်။ ပြောင်းထွက်နှုန်းမှာ တစ်ဧက ပျှမ်းမျှ (၅၀)တင်းနှုန်း ထွက်သည်။ နှမ်းထွက်နှုန်းမှာ တစ်ဧက(၂၀)တင်းပျှမ်းမျှထွက်သည်။ ကျေးရွာတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်း ပိုင် ထွန်စက်(၄)စင်း၊ လက်တွန်းထွက်စက် ၅၀ စင်း၊ ရိတ်သိမ်းစက် ၁ စင်း၊ ခြွေလှေ့စက် ၆ စင်း၊ ရေစုပ်စက် ၂၁ ခု သာရှိပြီး ပိုင်ဆိုင်သူဦးရေနည်းသည်။ အချိန်မီထွန်ယက် စိုက်ပျိုးနိုင်ရန် လုံလောက်မှု

မရှိသောကြောင့်ငှါးရမ်းသုံးစွဲကြရသည်။ ထိုကြောင့်လယ်ယာသုံး စက်ကရိယာလုံလောက်မှုမရှိ၊ ကုန်ကျ စရိတ်များသောကြောင့် လယ်ယာသုံးစက်ကရိယာ အရစ်ကျ ဝယ်ယူလိုကြသည်။ သီးနှံအထွက်နှုန်းတိုးစေရန် ရာသီဥတုသင့်တင့်မျှတသော်လည်း မြေဆီဩဇာမကောင်းပါ မြေဆီလွှာများခမ်းခြောက်လာသည်။ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည်။ ပလပ်မြေ အသင့်အတင့်ရှိသော်လည်း စိုက်ပျိုးတိုးချဲ့ရန်လုပ်အား၊စက်အားမတတ်နိုင်ကြပါ။ စိုက်ပျိုးရေးသွင်းရေမရကြပါ။ ချေးငွေဝန်ဆောင်မှုအလွယ်တကူမရကြပါ။ သီးနှံမျိုးစေ့များ၊ သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ နှင့် သွင်းအားစုများ၊ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် သွင်းအားစုများကို ဝယ်ယူရရှိနိုင်သော်လည်း အရင်းအနှီးလိုအပ်ချက်များရှိသည်။ စိုက်ပျိုးရေးထွက်ကုန်များကို ရောင်းချနိုင်သော်လည်း စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်ခြင်း မရှိပါ။ ကျေးရွာစိုက်ပျိုးချိန်တွင်ကျွမ်းကျင်လုပ်သား အလုပ်သမား ရှားပါးခြင်းကြောင့် အလွယ်တကူမရနိုင်ပါ။ ဖျက်ပိုးနှင့် ရောဂါအနည်းငယ်ကျရောက်ပြီး နည်းပညာဝန်ဆောင်မှုများမရရှိကြပါ။ ဘက်စုံပိုးမွှားကာကွယ်နည်း၊ သဘာဝမြေဆွေးပြုလုပ်နည်း၊ မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်းများလိုအပ်သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်း စီးပွါးဖြစ် မွေးမြူလေ့မရှိ။ တစ်ပိုင်တစ်နိုင်သာ မွေးမြူလေ့ရှိကြသည်။ နွားကို ၉၀အိမ် မှ ၅၂၆ ကောင်၊ နို့စားနွားကို ၂၀အိမ်မှ ၁၂၃ကောင်၊ ကျွဲကို ၂၇ အိမ်မှ ၁၉၇ကောင်၊ မြင်းကိုအိမ်မှ ၆ကောင်၊ ဆိတ်ကို ၄အိမ်မှ ၄၉ကောင်၊ သိုးကို ၁အိမ်မှ ၁ကောင်၊ ဝက်ကို ၉၀ အိမ်မှ ၁၉၈ ကောင်၊ ကြက်ကို ၈၉ အိမ်မှ ၇၃၃ ကောင်နှင့် ဘဲကို ၆ အိမ်မှ ၄၈ ကောင် မွေးမြူကြသည်။

မွေးမြူရေးတိုးမြှင့်လုပ်ကိုင်ရန်နည်းပညာဝန်ဆောင်မှုအလွယ်တကူမရရှိပါ။ မျိုးကောင်းမျိုးသန့်များအလွယ်တကူ ဝယ်ယူရခြင်းနိုင်ခြင်းမရှိ။ ရာသီရောဂါများ နှစ်စဉ်ကျရောက်၍ ဆုံးရှုံးမှုများသည်။ ချေးငွေမရရှိခြင်း၊ စျေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်ခြင်းမရှိ စသည့်အခက်အခဲများရှိသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်သောကြောင့် စိုက်မွေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းမှာ ဆောက်လုပ်ရေးလုပ်ငန်းသာရှိသည်။ အလုပ်အကိုင်ရှားပါးခြင်း၊ အလုပ်ပုံမှန်မရှိခြင်းတို့ကြောင့် ကျေးရွာတွင် လုပ်သားရှားပါးလာသည်။ ချေးငွေလွယ်ကူစွာမရရှိကြပါ။ စျေးကွက်ဆိုင်ရာအသိအမြင်နားမလည်ခြင်း၊ အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခု တတ်မြောက်မှုတွင်လည်းကျွမ်းကျင်စွာတတ်မြောက်ခြင်း မရှိကြပါ။အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်လိုကြသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ခေါင်ဖူးရွာဟောင်းကျေးရွာတွင် ငွေကြေးလက်လမ်းမီမှုအနေဖြင့် စိုက်ဘဏ်ချေးငွေ၊ သမဝါယမချေးငွေ၊ မြစိမ်းရောင်စီမံကိန်း၊ငွေချေးပေးသူထံ မှ ချေးငွေ ရရှိကြသည်။ ချေးငွေ(၄)ခုလုံးမှာ ကာလတို/

လတ်ချေးငွေများဖြစ်ပြီး လိုအပ်သည့်အချိန်၊ လိုအပ်သလောက် မရနိုင်ကြပါ။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများရရှိရန် လိုအပ်သည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေ ၃၀ စင်း၊ စက်လှေ ၁၆ စင်း၊ စက်ဘီး ၂၃ စင်း၊ မော်တော်ဆိုင်ကယ် ၁၄၁ စီး၊ ထော်လာကျီ ၁၄ စီး၊ ကား ၁၆ စီး နှင့် နွားလှည်း ၈၇ စီး ရှိသည်။

ကျေးရွာတွင်းလမ်းများမှာ ကျောက်ခင်းလမ်းနှင့် မြေသားလမ်းဖြစ်သည်။ ကျောက်ခင်းလမ်းမှာ အရည်အသွေးအတင့်အသင့်ရှိသည်။ မြေသားလမ်းမှာ မိုးတွင်းချိန်တွင်သွားလာရခက်ခဲပြီး နွေရာသီတွင် ဖုံထူသဖြင့် ရွာတွင်းလမ်း အဆင့်မြှင့်တင်ပြုပြင်ရန်လိုအပ်သည်။ ရွာချင်းဆက်လမ်းများမှာလည်း ကျောက်ခင်းလမ်းဖြစ်ပြီး ပွင့်လင်းရာသီ၌သာ ကောင်းမွန်စွာသွားလာနိုင်သည်။ ခေါင်ဖူးရွာဟောင်း – ခေါင်ဖူးရွာသစ် ရွာချင်းဆက်လမ်းမှာလည်း မြေသားလမ်း/သောင်ပြင်လမ်းဖြစ်သဖြင့် မိုးရာသီတွင် သွားလာ၍ မရဖြစ် သည်။

ရွာတွင် ကွန်ကရစ်တံတား (၁) စင်းရှိပြီး အသင့်အတင့်ကောင်းမွန်ကာ (၁) နှစ်ပတ်လုံးအသုံး ပြုကြသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ဆိုလာအသုံးပြုသူအရေအတွက် ၁၄၂အိမ်ရှိပြီး ရာသီဥတုမကောင်းပါက အားမ ပြည့်ပါ။ မီးထွန်းရန်အတွက်သာသုံးရပြီးကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများ အသုံးပြု၍မရနိုင် သောကြောင့် အခက်အခဲများရှိသည်။ ဒီဇယ်အင်ဂျင်သုံးစွဲသူ ၂၈ အိမ်ရှိပြီး ဆိုလာနှင့် ဒီဇယ် နှစ်မျိုးလုံးသုံးစွဲသူများ လည်းရှိသည်။ တာလောကြီးကျေးရွာထိ ဓါတ်မီးတိုင်များရောက်ရှိပြီးဖြစ်သည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် တစ်ရွာလုံးဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်းအရေအတွက် ၃၀၇လုံးရှိပြီး အမ်ပီတီ၊ တယ်လီနောဖုန်းများကို အများဆုံးအသုံးပြုသည်။ ရေဒီယို အလုံး(၅၁) ၊ တီဗီ (၅၇)လုံး နှင့် ဂြိုလ်တုစလိုင်း (၉) လုံး ရှိသည်။ လျှပ်စစ်မီးမရှိသောကြောင့် အသုံးပြုသူသိပ်မရှိခြင်းဖြစ် သည်။

၆။ ပညာရေး

ကျေးရွာတွင်အလယ်တန်းအထိပညာသင်ကြားနိုင်ပြီး အထက်တန်းအဆင့်ကို ဝိုင်းမော်မြို့နယ် အောင်မြေ(၁)ကျေးရွာတွင် ဆက်လက်သင်ယူကြရပါသည်။ ကျောင်းဆောင်လုံလောက်မှုရှိသော်လည်း ကျောင်းပရိဘောဂ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကရိယာများလည်း လုံလောက်မှုမရှိပါ။ ဆရာ/ဆရာမ လုံလောက် မှုမရှိသောကြောင့် ကျေးရွာခန့် ဆရာ ၁ ဦးငှားရမ်းကြရသည်။ ဆရာမငှားရမ်းခအနေဖြင့် တစ်ရက် (၄၈၀၀)ကျပ်နှုန်းပေးသည်။ ကျောင်းအာဟာရတိုက်ကျွေးမှုမရှိပါ။ မူလတန်းကျောင်းထွက်နှုန်း မရှိသော်လည်း အလယ်တန်းကျောင်းထွက်နှုန်းများသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား ကျောင်းသူ အနည်းငယ်ရှိပါသည်။

ကျေးရွာတွင် စာမတတ်သူဦးရေမှာအနည်းငယ်သာရှိသည်။ မူလတန်းအဆင့် စာတတ်မြောက်မှုမှာ (၄၅.၈၇) ရာခိုင်နှုန်း အထိရှိပြီး အလယ်တန်းအဆင့် စာတတ်မြောက်မှုမှာ (၃၉.၅၂) ရာခိုင်နှုန်း ၊အထက်တန်းအဆင့် စာတတ်မြောက်မှုမှာ (၁၂.၁၆)ရာခိုင်နှုန်း နှင့် တက္ကသိုလ်စာတတ် မြောက်မှုမှာ (၂.၂၇) ရာခိုင်နှုန်း တို့ဖြစ်သည်။ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုများမှာ တဖြည်းဖြည်း နည်းလာသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် လိင်ဆက်ဆံခြင်းမှ တစ်ဆင့် ကူးစက်နိုင်သော ရောဂါ၊ ဆီးချို၊ သွေးတိုး စသည့်ရောဂါတို့မှာ ဖြစ်ပွါးမှု မြင့်သည်။ နှစ်စဉ်ကာကွယ်ဆေးများ ပုံမှန်ထိုးပေးလေ့ရှိသော်လည်း ပိုလီယိုရောဂါ၊ မေးခိုင်၊ ဝက်သက်ရောဂါ၊ အာဟာရမှတ်တမ်းယူခြင်းနှင့် အာဟာရပညာပေးခြင်း အစီအစဉ်မရှိပါ။ ကျေးလက်ကျန်းမာရေးဆေးခန်းရှိပြီး သားဖွားဆရာမရှိသော်လည်း အချိန်ပြည့်ကျေးရွာတွင် မရှိသော ကြောင့် ဝန်ဆောင်မှုအားနည်းသည်။ အရေးပေါ်အခြေအနေများတွင် အနီးဆုံးတာလောကြီးတိုက်နယ်ဆေးရုံ၊ ဝိုင်းမော်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်ဆေးရုံများသို့ပို့ဆောင်ရသည်။ အရေးပေါ်အခြေအနေ များတွင် သွားလာရန် အရေးပေါ်ယာဉ်မရှိသောကြောင့် အခက်အခဲများရှိသည်။

ကျေးရွာတွင် သောက်ရေတွင်း(၁၆) တွင်း၊ အဝီစိစက်ရေတွင်း (၁၀) တွင်းအနက် UNDP မှ (၃) တွင်း နှင့် အစိုးရမှ (၁) တွင်းတူးဖော်ပေးခဲ့သည်။ ရေတွင်းများမှာ မိုးနှင့်ဆောင်းသာ ရေရရှိနိုင်ပြီး နွေရာသီတွင်ရေခမ်းသဖြင့်မသုံးနိုင်ကြပါ။ရေအရည်အသွေးလည်းစစ်ဆေးထားခြင်း မရှိပါ။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာအနေဖြင့် ရေလောင်း ယင်လုံအိမ်သာကို တစ်ရွာလုံးက သုံးစွဲကြသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု၊ မြေယာမဲ့၊ ဆင်းရဲသားတောင်သူ နှင့် လက်လုပ်လက်စားကျပန်းများသည် သဘာဝဘေးအန္တရာယ်နှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေကြုံတွေ့ပါက ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။ လူငယ်များသည်လည်း မူးယစ်ဆေးဝါးအန္တရာယ် အချိန်မရွေးကျရောက်နိုင်သောကြောင့် ထိခိုက်လွယ်မှုမြင့်သည်။ ကားမောင်းပြီး အသက်မွေးသူများသည်လည်း အချိန်မရွေးဘေးအန္တရာယ်ကျရောက်နိုင်သောကြောင့် ထိခိုက်မှုမြင့်သည်။ ဆေးစွဲသူများမှာ အများအားဖြင့် အသက်ငယ်နှင့်လူလတ်ပိုင်းများဖြစ်ကြ သောကြောင့် ထိခိုက်သက်ရောက်နိုင်မှုမြင့်ရခြင်း ဖြစ်သည်။

မြေဆီဩဇာအခြေအနေ၊ အပင်မျိုးစိတ်များ၊ ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု ရေအရင်းအမြစ် နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့တွင် အလယ်အလတ်သာဖြစ်သည်။ ငါးမျိုးကွဲများ၊ အခြားတိရစ္ဆာန်မျိုးကွဲများ အန္တရာယ်ရှိမှုမှာ မြင့် ဖြစ်သည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ခေါင်ဖူးရွာသစ်ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများကို ရွေးချယ်တင်မြောက်ခြင်း နေရာပေးခန့်ထားခြင်းမရှိသေးပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အမျိုးသမီးများ တက်ကြွ

စွာပါဝင်ဆောင်ရွက်ခြင်းလည်းမရှိသေးပါ။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာ အတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ်အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများရှိခဲ့ပြီး အမျိုးသမီးများ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတ မှုဆိုင်ရာများအတွက် လူထု၏ အသိပညာအမြင်ရှိမှု အားနည်းပါသည်။ အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း နှင့် စီမံအုပ်ချုပ်မှုအပိုင်းများတွင်သာ ပါဝင်မှုနည်းခြင်း ကြောင့် အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ အမြင့်ဖွင့်သင်ကြားခြင်းများ လိုအပ်သည်။ အနာဂါတ်အတွက် အမျိုးသမီးအိမ်တွင်းအကြမ်းဖက်မှုများ မဖြစ်ပေါ်စေရန် အိမ်တွင်း အကြမ်းဖက်မှု ကာကွယ်လျှော့ချရေး သင်တန်းများလည်း လိုအပ်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ(ခေါင်ဖူးရွာသစ်ကျေးရွာ)

စဉ်	ကဏ္ဍာ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	လမ်းတံတားနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း	၁။ ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း ၂။ ကုန်ထုတ်လမ်းပြုပြင်ခြင်း/အဆင့်မြှင့်တင်ခြင်း	၁
၂	လျှပ်စစ်မီးဖွံ့ဖြိုးရေးစီမံကိန်း	၁။ ကျေးရွာ လျှပ်စစ်မီးရရှိရန်	၂
၃	သောက်သုံးရေနှင့်သန့်ရှင်းမှုဖွံ့ ဖြိုးရေး စီမံကိန်း	၁။သန့်ရှင်းသောသောက်သုံးရေရရှိရေး	၃
၄	ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ ကျောင်းသုံးပရိဘောဂ(စာရေးစားပွဲများ) ၂။ ပညာရေးဝန်ထမ်းအိမ်ယာများဆောက်လုပ်ပေးခြင်း ၃။ ကျောင်းအားကစားပစ္စည်း ၄။ ဆင်းရဲသားပညာရေးရန်ပုံငွေထူထောင်ခြင်း	၄
၅	စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။လယ်ယာသုံးစက်ကရိယာ အရစ်ကျရောင်းချခြင်း	၅
၆	ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးရေးစီမံ ကိန်း	၁။ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေ	၆
၇	စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း	၁။ ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းမှု သင်တန်း ၂။ သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း ၃။ သီးလှည့်စနစ်စိုက်ပျိုးနည်းသင်တန်း ၄။ မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း	၇
၈	စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံ ကိန်း	၁။ စက်၊ လက် ယက္ကန်းသင်တန်း ၂။ အလှပြင်သင်တန်း ၃။ စက်ချုပ်အဆင့်မြှင့်သင်တန်း ၄။ ဝါရာရိန်းသင်တန်း	၈

		၅။ အခြေခံစားသောက်ကုန်နှင့်လူသုံးကုန်ထုတ်လုပ်မှုသင်တန်း ၆။ လက်သမား/ပန်းရံ အဆင့်မြှင့်တင်ရေးသင်တန်း ၇။ ပန်းတိမ်သင်တန်း ၈။ ရိုးရာယက္ကန်းသင်တန်း ၉။ ဝါရိန်ဆော်သင်တန်း ၁၀။ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း	
၉	အမျိုးသမီးများစွမ်းဆောင်ရည်ဖွံ့ဖြိုးမှုစီမံ ကိန်း	၁။ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်ခြင်း ဥပဒေသင်တန်း ၂။ အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း ၃။ အမျိုးသမီးကာကွယ်စောင့်ရှောက်နည်းသင် တန်း	၉
၁၀	အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း	၁။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း ၂။ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသင်တန်း	၁၀
၁၁	ကျန်းမာရေးဖွံ့ဖြိုးမှုစီမံ ကိန်း	၁။ ကျန်းမာရေးအသိပညာပေးသင်တန်း ၂။ ရှေးဦးသူနာပြုသင်တန်း ၃။ လူနာတင်ယာဉ်များထူထောင်ပေးခြင်း	၁၁
၁၂	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း	၁။ ရိုးရာတီးဝိုင်း/ ခေတ်ပေါ်တီးဝိုင်းထူထောင် ခြင်း ၂။ အားကစားပစ္စည်းများ ပံ့ပိုးခြင်း ၃။ လူငယ်ပရဟိတအဖွဲ့များဖွဲ့စည်းပေးခြင်း ၄။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေးသင်တန်း ၅။ လူကုန်ကူး ကာကွယ်တားဆီးရေးအသိပညာ ပေးသင်တန်း ၆။ နှစ်စဉ်စာပေဟောပြောပွဲ ကျင်းပခြင်း ၇။ ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း ၈။ အင်တာနက် အကျိုးရှိရှိ အသုံးပြုနည်းသင်တန်း ၉။ ကိုယ်ခံပညာသင်တန်း ၁၀။တိုင်းရင်းသားရိုးရာဝတ်စုံများထောက်ပံ့ပေးရန် ၁၁။ကွန်ပျူတာ၊စပီကင်သင်တန်းများဖွင့်လှစ်ပေးရန်	၁၂
၁၃	စိုက်ပျိုးရေ ရရှိရေးဖွံ့ဖြိုး မှုစီမံကိန်း	၁။ ရေစုပ်စက်များအရစ်ကျရောင်းချခြင်း	၁၃
၁၄	သဘာဝဘေးလျော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ ကျေးရွာအုပ်စုမီးသတ်တပ်ဖွဲ့နှင့်မီးသတ်ကားထူထောင်ခြင်း	၁၄
၁၅	သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ ကျေးရွာပိုင်သစ်တော/ဘယဆေးစိုက်ခင်းထူထောင်ခြင်း ၂။ သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းခြင်းသင်တန်း	၁၅

၁၆	မွေးမြူရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။ တိမွေးကုမ္ပဏီးမံသင်တန်း ၂။ ကာကွယ်ဆေးထိုးခြင်း	၁၆

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	ရာခိုင်နှုန်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၇	၁၂	၁.၇၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၃	၂၅	၄၈	၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၀	၄၀	၇၀	၁၀.၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၀	၄၅	၈၅	၁၂.၅၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၆၃	၂၅၆	၄၁၉	၆၁.၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၇	၂၆	၄၃	၆.၃၅
စုစုပေါင်း		**၂၇၈**	**၃၉၉**	**၆၇၇**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု (၁၄၂)		**တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၄.၇**			

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ခေါင်ဖူးရွာသစ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၄၂ ရှိပြီး လူဦးရေပေါင်း ၆၇၇ (ကျား ၂၇၈ + မ ၃၉၉) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၄.၇၇ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက် အနည်းငယ်လျော့နည်းနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၁၂ ဦး (ကျား ၅ + မ ၇)၊ ၁.၇၇% သာရှိသဖြင့် ယခု နှစ်များတွင် ကလေးမွေးဖွါးနှုန်း အလွန်ကျဆင်းနေသေးသည်ကို တွေ့ရသည်။ ၅ နှစ်အောက်ကလေး ၄၈ ဦး (၇%) ရှိသည်ကို သိရှိခြင်းအားဖြင့် လူဦးရေအသင့်အတင့်ရှိပြီးကာကွယ် ဆေးထိုးရမည့် ကလေး နှင့် မူကြိုကျောင်းတက်ရောက်နိုင်သည့် ကလေးအရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှုအခြေအနေကို အလွယ်တကူ တိုင်းတာတွက်ချက်နိုင်မည်။ မူကြိုကျောင်း လိုအပ်မှုရှိမရှိကို လည်းအလွယ်တကူ ဆန်းစစ်နိုင်သည်။ မူလတန်းအရွယ် ကလေး ၇၀ ဦး (ကျား ၃၀+မ ၄၀) နှင့် အလယ်တန်းကျောင်းသားအရွယ် ၈၅ ဦး (ကျား ၄၀+မ ၄၅) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေး တိုင်းကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် ၄၁၉ (ကျား ၁၆၃+ မ၂၅၆)၊ (၆၁.၉%) ရှိသောကြောင့်ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေအတော် အသင့် များပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊အသက်မွေးဝမ်းလုပ်ငန်း များ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ

အထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၉၃ ဦး (၂၂.၂%) သာပိုများနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၄၃ ဦး (ကျား ၁၇+မ ၂၆) ဦး (၆.၃၅%) သာရှိသဖြင့် သက်ကြီးရွယ်ကြီးအလွန် နည်းနေသဖြင့် ကျေးရွာတွင် ကျန်းမာရေးအခြေအနေ ညံ့နေသည်ဟု ခန့်မှန်းနိုင်ပါသည်။ သက်ကြီးရွယ်ကြီးတွင်လည်း အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၉ ဦး (၂၀.၉%) ပိုများ နေသည်ကို တွေ့ရသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အသက်ရှည်သည်ကိုတွေ့နိုင်သည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၃	၁၀၄		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၉	၃၉		မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း		၁၂၂	၁၂၂	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း		၁	၁	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၂	၂	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၁	၁	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း		၅	၅	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၆	၆	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၆	၆	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၁၄၂	၂၈၆	၁၄၃	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း** မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ခေါင်ဖူးရွာသစ်ကျေးရွာတွင် အိမ်ခြေ ၁၄၂ ရှိသည့်အနက် တစ်ရွာလုံးက စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သူ (၁၄၂) အိမ် (ကပ ၁၀၃ + လသ ၃၉) အိမ်နှင့် အလုပ်လုပ်သူဦးရေ ၁၄၃ ဦး (ကပ ၁၀၄ + လသ ၃၉)ဦးရှိသည်။ ထို့ကြောင့် တစ်ရွာလုံး စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသည်။

တွဲဖက်လုပ်ငန်းအနေဖြင့် မွေးမြူရေးတွဲဖက်လုပ်ကိုင်သူ ၁၂၁ အိမ် (ကပ ၁၂၁) အိမ်မှ အလုပ်လုပ်ကိုင်သူ (၁၂၂) ဦး (ကပ ၁၂၂+ လသ ၀) ဦး၊ ထုတ်ကုန်လုပ်ငန်းတွဲဖက်လုပ်ကိုင်သူ ကိုယ် ပိုင် ၃ အိမ်မှ အလုပ်လုပ်ကိုင်သူ (ကပ ၁ + လသ ၂)) ဦး၊ စက်ပြင်တွဲဖက်လုပ်ကိုင်သူ ၁ အိမ်မှ အလုပ်လုပ်ကိုင်သူ (လသ ၁)ဦး၊ ဈေးရောင်းတွဲဖက်လုပ်ကိုင်သူ ၁၁ အိမ်မှ (ကပ ၅+ လုပ်သား ၆)) ဦး၊ ထို့ကြောင့် စုစုပေါင်းတွဲဖက်လုပ်ငန်းလုပ်ကိုင်သူ ၁၄၃ အိမ် (ကပ ၁၂၈ + လသ ၁၅) အိမ်မှ အလုပ်လုပ်ကိုင်သူ (၁၄၃) ဦး (ကပ ၁၂၈+ လသ ၁၅) ဦးရှိသည်။ ထို့ကြောင့် စုစုပေါင်း လုပ်ငန်းပေါင်း (၂၈၆) (အဓိကအလုပ်အကိုင် ၁၄၃ + တွဲဖက် အလုပ်အကိုင် ၁၄၃) ခုရှိပြီး အလုပ်လုပ် ကိုင်သူ (၂၈၆) ဦးရှိသည်။ ဇယား (၁) တွင် အလုပ်လုပ်နိုင်သော အရွယ် (၄၁၉) ဦးရှိသော်လည်း ယခုကျေးရွာ တွင်အလုပ်လုပ်ကိုင်သူ ဦးရေ စုစုပေါင်းမှာ (၂၈၆) (ကပ ၁၄၃ + လသ ၁၄၃= ၂၈၆) ဦးသာရှိ ပြီး အထက်တန်းနှင့် တက္ကသိုလ်တက် ရောက်နေသူ ၃၁ ဦးအပြင် ကျန်အလုပ်လုပ်နိုင်သောအရွယ် (၁၀၂) ဦးသည် အလုပ်လက်မဲ့ဖြစ်နေသည် ကိုတွေ့ရပါသည်။ ၁၄၂ အိမ်မှ အလုပ်လုပ်နေသူ (၂၈၆) ဦး ရှိသောကြောင့် မိသားစုစားဝတ်နေရေး အတွက် တစ်အိမ်ထောင် ပျမ်းမျှ ၂ ယောက်နှုန်း၊ အလုပ်လုပ်နေရကြောင်း သိနိုင်သည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင် သူ ၁၄၃ အိမ်မှ ၁၄၃ ဦးရှိသည်ကို ကြည့်ခြင်းအား ဖြင့် အိမ်တိုင်းအိမ်တိုင်းသည်လည်း မိသားစု စားဝတ်နေရေး၊ ရပ်တည်ရေးအတွက် လုပ်ငန်းတစ်မျိုး ထက် ပို၍ တွဲဖက်လုပ်ငန်းများ လုပ်နေကြ ရသည်။ လုပ်ငန်းပေါင်း ၂၈၆ ခုအနက် ကိုယ်ပိုင်လုပ်ငန်း ၂၃၂ ခုရှိပြီး အလုပ်သမား/ ဝန်ထမ်းလုပ်ငန်း ၅၄ ခုသာရှိသည်ကို ကြည့်ခြင်းဖြင့် လယ်ယာလုပ်ငန်း မှလွဲ၍ ကျန် အလုပ်အကိုင်အခွင့်အလမ်း လုံးဝ မရှိကြောင်းလည်းတွေ့ရသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၄၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀			
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ ခေါင်ဖူးရွာသစ်ကျေးရွာတွင် ဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းနှစ်မျိုးတည်းသာရှိသည်။ ကျေးရွာ၏ အဓိကလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေး လုပ်ငန်းမှာလည်း တစ်ပိုင်တစ်နိုင်သာလုပ်ကိုင်လေ့ရှိပြီး စီးပွါးဖြစ်မဟုတ်သော ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသည်။ မြေယာမဲ့များအတွက် အလုပ်အကိုင်ပုံမှန်မရှိသော ကြောင့် ပြည်တွင်း ပြည်ပ (တရုတ်) သို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ကြရသည်။ ခေါင်ဖူးရွာသစ် ကျေးရွာ၏ ဝင်ငွေရ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းတွင်လည်း လုပ်ငန်းအမျိုးအစား၊ အလုပ်ချိန်၊ ပင်ပန်း မှု၊ ကျွမ်းကျင်မှုတူသောလုပ်ငန်းဖြစ်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျား/မ လုပ်အားခခွဲခြားမှု လုံးဝမရှိ၊ တန်းတူရကြသည်ကို တွေ့နိုင်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် အမျိုးသားများသာ လုပ်ကိုင်ကြပြီး လုပ်ခ (၈၀၀၀) ကျပ်ထိရသဖြင့် ပိုရသည်ကိုလည်း တွေ့ရ ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၆၄၄	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၈၉၇	ကောင်း ☐	သင့်☒	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၂၉	ကောင်း ☒	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☒
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၅၇၀	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ခေါင်ဖူးရွာသစ်ကျေးရွာတွင် လယ် ၆၄၄ ဧက၊ တောင်ယာမြေ ၈၉၇ ဧကနှင့် ကိုင်းကျွန်းမြေ ၂၉ ဧက ရှိသဖြင့်စုစုပေါင်းစိုက်ပျိုးမြေ (၁၅၇၀) ဧက၊ တစ်အိမ်ထောင်လျှင်ပျမ်းမျှ စိုက်ပျိုးမြေ (၁၁) ဧကကျော်နှုန်းရှိသည်။ မြေဆီလွှာအရည်အသွေးအနေနှင့် လယ်နှင့်တောင်ယာမြေမှာ သင့်သည်ကိုတွေ့ရပြီး ကိုင်း/ကျွန်းမြေမှာကောင်းသည်ကို တွေ့ရသည်။ ကျေးရွာတွင်စိုက်ပျိုးမြေ အမြောက်အများရှိပြီး တိုးချဲ့ရန် မြေလွတ်မြေလပ်မရှိကြတော့ပါ။ အချို့စိုက်ပျိုးမြေများမှ ပုံစံ (၇) မရကြသေးပါ။ ပုံစံ(၇) ရရှိသေးသော အိမ်ခြေများမှာ (၄၇)အိမ်သာရှိသည်။ ပုံစံ (၇) ရရှိရေး မြေစာရင်းဦးစီးဌာနသို့ တင်ပြထားသော်လည်းယခုအထိပုံစံ (၇) မရကြသေးသောကြောင့်အမြန်ရရှိရန် တင်ပြကြပါသည်။ လက်ရှိစိုက်ပျိုးမြေများကိုလည်း မြေယာပိုင်ဆိုင်မှု ပုံစံ (၇) မရရှိသောကြောင့် ရွာသူ/သားများမှ မိမိ တို့ပိုင်မြေများ သိမ်းဆည်းခံ/ ဆုံးရှုံးသွား မှာကို အထူးစိုးရိမ် နေကြရသည်။

(၈-၂) မာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) မာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (မာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☒ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☒ မရှိ ☐	လွယ် ☐ ခက်☒အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
(နွားစာ၊ဆေးဘက်ဝင်အပင်များ)		
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☒မရှိ ☐	☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။

လေ့လာတွေ့ရှိချက်။ ။ ခေါင်ဖူးရွာသစ်ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် သတ္ထုနှင့် အခြားတွင်းထွက် သယံဇာတများ မရှိပါ။ ဆောက်လုပ်ရေးအတွက် သဲနှင့် ကျောက်များ လိုသလောက် အသင့်အတင့်ရရှိနိုင်သော်လည်း ရရှိရန်ခက်ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် ရှားပါးလာပြီး နွားစာနှင့်ပါတ်သက်၍ စားကျက်မြေသီးသန့်မရှိသောကြောင့် အခက်အခဲအနည်းငယ်ရှိသည်။ ဆေးဖက်ဝင်အပင်များမှာလည်း အနည်းငယ်သာရှိတော့သည်။ စည်းကမ်းမဲ့ ခုတ်လဲထုတ်ယူခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချကြသောကြောင့် တဖြည်းဖြည်းရှားပါးလာသည်။ သဘာဝပေါက်ပင်များကို ထိရောက်စွာ အသုံးချနိုင်ခြင်းမရှိ။ စျေးကောင်းမရကြဘဲ ထုတ်ယူသုံးစွဲမှုများခြင်းကြောင့် တဖြည်းဖြည်းရှားပါးလာပြီး မျိုးသုဉ်းပျောက်ကွယ်ကုန်ကြပြီဖြစ်သည်။ သဘာဝပေါက်ပင်များကို ကျွမ်းကျင်မှုမရှိသောကြောင့် အကျိုးရှိရှိအသုံးမပြုနိုင်ကြပါ။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာအသုံးမပြုနိုင်ကြပါ။ တိုင်းရင်းဆေးပညာသင်ကြားနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အကျိုးရှိလာမည်ဖြစ်သည်။

သဘာဝတောရိုင်းတိရစ္ဆာန်အနေဖြင့်လည်း စည်းကမ်းမဲ့ဖမ်းယူစားသောက်ကြခြင်းနှင့်သစ်တောများပြုန်းတီးလာသောကြောင့် တဖြည်းဖြည်း ရှားပါးလာသည်။ သဘာဝတောရိုင်းတိရစ္ဆာန် အနည်းငယ်သာရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် အကျိုးရှိရှိအသုံးပြုရန် ဗဟုသုတနှင့် ကျွမ်းကျင်မှုမရှိကြပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅၀- ၇၀ ဧကကြား	၃၀-၅၀ ဧကအကြား	၁၀-၃၀ ဧကအကြား	၁၀ ဧကအကြား
အိမ်အခြေအနေ	ကာလာသွပ်မိုး၊ တိုက်/အုပ်အကာ၊ ပျဉ်ထောင် ပျဉ်ခင်း/သမံတလ	ရိုးရိုးသွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း	ရိုးရိုးသွပ်အမိုး/ ထရံကာ၊ ကြမ်းခင်း၊	သက္ကယ်မိုး၊ ထရံကာ၊ မြေစိုက်/ဝါးကြမ်းခင်း

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သော အိမ်ထောင်စု
	င်းခင်း			
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက် ၊ လက်တွန်းထွန်စက် ၊ ရေစုပ် စက် ၊ ထော် လာကျီ ၊ ကျွဲ/နွား ၊ ခြွေလှေ့စက်	လက်တွန်းထွန်စက် ၊ ရေ စုပ်စက် ၊ကျွဲ/နွား	ကျွဲ/နွား	ပေါက်တူး၊ ပေါက်ပြား၊ ဓါး၊ တံဇဉ်
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင် မှု	ကား ၃ စီး၊ ဆိုင်ကယ် ၁-၂ စီး၊ တယ်လီဖုန်း ၃ - ၄လုံး၊ တီ ဗီ ၁ ခု၊စလောင်း ပီအက်အိုင်/စကိုင်းနက် ၁ ခု။ ရေခဲသေတ္တာ ၁ ခု၊	ကား ၁ စီး၊ ဆိုင်ကယ် ၁ စီး၊ တယ်လီဖုန်း ၄လုံး၊ တီဗီ ၁ ခု၊	ဆိုင်ကယ် ၁စီး လိုင်စင်မဲ့၊ တယ် လီဖုန်း ၁-၂ လုံး၊ ခေါက်တီဗီ ၁ ခု၊	စက်ဘီး ၁ စီး၊ ဖုန်း ၁ လုံး၊ ခေါက်တီ ဗီ ၁ ခု၊ ဆိုလာ
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူကြီး/ အရောင်းအဝယ်	တောင်သူလတ်	တောင်သူငယ်/ ဆင်းရဲသား တောင်သူ	ကျပန်း
အိမ်ထောင်စု (၁၄၂)	၁၃	၄၈	၄၈	၃၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ခေါင်ဖူးရွာသစ်ကျေးရွာတွင် အိမ်ခြေ ၁၄၂ အိမ်ရှိပြီး အဆင့် ၁ (၁၃) အိမ် (၉.၂ %) ၊ အဆင့် ၂ (၄၈)အိမ် (၃၃.၈%)၊ အဆင့် ၃ (၅၉) အိမ် (၃၃.၈%)၊နှင့် အဆင့် ၄ (၃၃) အိမ် (၂၃.၂၄%) ရှိ သည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်းပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုများသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့်ခွဲရာတွင် အဓိကအရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်မှာ နည်းပြီး ပိုင်ဆိုင်မှုအနေဖြင့် များပြားစွာပိုင်ဆိုင်ကြပြီး ဝမ်းစာဖူလုံကြသော်လည်း အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေအရေအတွက်မှာ အရေအတွက်အားဖြင့်များသော်လည်း ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီးဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ကြောင့် ရာသီအလိုက်ခက်ခဲစွာ ရှာဖွေလုပ်ကိုင်စားသောက်ကြရသည်။ အများစုဖြစ်သော အဆင့် ၃နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂

အိမ်များ ကျပမ်းသွားရောက်လုပ်ကိုင်ကြရသော်လည်း ပုံမှန်အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း အလွန်နည်းကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၅_____ လုပ်အားခကြိုယူ = _____ ၁၃_____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အဆင့် (၃) ၄၈ အိမ်နှင့် အဆင့် (၄) ၃၃ အိမ်ရှိသောကြောင့် ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်ရှိမှုစစ်တမ်းကို အဆင့် (၃) မှ ၁၄ အိမ်နှင့် အဆင့် (၄) မှ ၁၀အိမ်ကို စစ်တမ်း ကောက်ယူရမည်ဖြစ်သည်။ စစ်တမ်းကောက်ယူမှုအရ အခြားအစာပြောင်းလဲစားသောက်ခြင်း၊ အစာလျှော့စားခြင်း၊ အထောက်အပံ့ယူသူ များမရှိပါ။ ဆွေမျိုး၊ မိတ်ဆွေများနှင့် ငွေချေးသူ ထံများမှ ချေးယူကြသူ ၅အိမ်ရှိပြီး ၄က်ပျော်ခြံများ၌လုပ်အားခကြိုယူသူ (၁၁) ရှိပြီး ကျန် ၈ အိမ်ထောင်စုမှာ မှာစျေးဆိုင်များတွင် အဟောင်းပေးအသစ်ယူဖြင့် စားကြသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခေါင်ဖူးရွာသစ်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် နှင့် မိသားစု/ရပ်ရွာ၏ စောင့် ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်များ မရှိကြပါ။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စုသည် ၂၀ အိမ် (၁၄%) ရှိသဖြင့် အိမ်ထောင်ရှင် အမျိုးသားမရှိသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအနည်းငယ်များနေသည်ကို တွေ့ရပြီးအကြောင်းမှာ မူးယစ်ဆေးဝါးသုံးစွဲသူများပြားသောကြောင့်ဖြစ်ပြီးငင်းတို့မှာ ခက်ခဲစွာရှာဖွေစားသောက်ကြရသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခေါင်ဖူးရွာသစ်ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ သစ်တောပြုန်းတီးမှုတွင် ထိခိုက်လွယ်မှု၏မြင့်ဖြစ်သည်။ သစ်တောပြုန်းတီးမှုတွင် ထိခိုက်လွယ်မှု မြင့်ရခြင်းမှာ နယ်မြေငြိမ်းချမ်းမှုနည်းခြင်းနှင့် တရားဥပဒေစိုးမိုးမှုနည်းသောကြောင့် သစ်ကိုတရားမဝင် ထုတ်ယူခြင်းကြောင့်ဖြစ်သည်။

မီးဘေး၊ ၄က်ဖျားရောဂါ၊ တီဘီရောဂါ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊ ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု စသည်တို့တွင် ထိခိုက်လွယ်မှု လတ်ဖြစ်သည်။

မီးဘေးမှာ ရာသီမရွေး၊ အချိန်မရွေးကျရောက်နိုင်ပြီး ကာကွယ်တားဆီးမည့် အစီအစဉ်လည်း မရှိသောကြောင့် ထိခိုက်လွယ်မှု လတ်ဖြစ်သည်။

၄က်ဖျားရောဂါမှာလည်း ၄က်ဖျားဇုံအတွင်း တည်ရှိနေခြင်းနှင့် ဆင်းရဲသားများ ခြင်ထောင် အသုံးမပြုနိုင်ခြင်း၊ ကျန်းမာရေးဗဟုသုတနည်းခြင်းတို့ကြောင့်ထိခိုက်လွယ်မှု လတ်ဖြစ်သည်။

တီဘီရောဂါမှာလည်း အသက်ရှူလမ်းကြောင်းမှတဆင့် ကူးစက်လွယ်သောကြောင့် ထိခိုက် လွယ်မှု လတ်ဖြစ်သည်။

တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုတွင် ထိခိုက်လွယ်မှုလတ်ဖြစ်ရခြင်းမှာ နှစ်စဉ်ရာသီကူးစက် ရောဂါများဆိုးရွားစွာကျရောက်လေ့ရှိပြီး ကာကွယ်ဆေးထိုးအစီအစဉ်နှင့် နည်းပညာဝန်ဆောင်မှု အားနည်းသောကြောင့် ဆုံးရှုံးမှုများသောကြောင့်ဖြစ်သည်။

ကျေးရွာမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်း ဖြစ်သည်။

သဘာဝအရင်းအမြစ်ရှားပါးမှု၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန် တိုင်း၊ ငလျင်၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းခြင်း၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ လူကုန်ကူးမှု တို့တွင် ဆုံးရှုံးနစ်နာမှု မရှိသေးသောကြောင့် ထိခိုက်သက်ရောက်လွယ်မှု နိမ့်ရခြင်း ဖြစ်သည်။

ကျန်ထိခိုက်လွယ်မှု အမျိုးအစားများမှာ မရှိ သာဖြစ်သည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☒
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ဆေးစွဲသူများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခေါင်ဖူးရွာသစ်ကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ မြေယာမဲ့၊ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်းများ၊ ဆေးစွဲသူများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများ ကားမောင်းပြီးအသက် မွေးသူများ၊ ရွှေ့ပြောင်းလုပ်သားများသည် ထိခိုက်သက် ရောက်နိုင်မှု မြင့်သည်။

လူငယ်များ ထိခိုင်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ လူငယ်များသည် မိသားစု ဝင်ငွေအတွက် အဓိက အလုပ်လုပ်ကိုင်ရသူများဖြစ်ပြီး မိသားစုနှင့် ဝေးကွာစွာ သွားရောက် အလုပ်လုပ်ကိုင်ရသောကြောင့် ကူးစက်ရောဂါများအလွယ်တကူကူးစက်ခံရနိုင်မှုများခြင်း၊ မူးယစ်ဆေးသုံးစွဲမှုရှိလာခြင်း၊ မူးယစ်ဆေးဝါး အန္တရာယ်ရှိခြင်း၊ ယာဉ်အန္တရာယ် အချိန်မရွေးကျရောက်နိုင်ခြင်း၊ လူကုန်ကူး ခံရနိုင်ခြေများခြင်း၊ ခိုက်ရန်ဖြစ်ပွါးမှု များခြင်းကြောင့် ထိခိုက်သက် ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်းများသည် ထိခိုက်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာသီးနှံအထွက်နည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ်အကိုင်နှင့် ဝင်ငွေမရှိခြင်း၊ လုပ်အားခနည်းသဖြင့် မိသားစုဝင်ငွေနည်းခြင်းတို့ကြောင့် ဖြစ်သည်။

ဆေးစွဲသူများမှာ အများအားဖြင့်အသက်ငယ်နှင့် လူလတ်ပိုင်းများဖြစ်ကြပြီးထိခိုက်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ မိသားစုဝင်များနှင့် အခြားပါတ်ဝန်းကျင်လူအများ၏ လုံခြုံမှုနည်းလာသောကြောင့် ထိခိုက်သက်ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

လှည့်လည်ဈေးရောင်းသူများမှာလည်း မနိုင်ဝန်များဖြင့် နေ့စဉ်သွားလာဈေးရောင်းရှာဖွေ စားသောက်ကြရသဖြင့် အန္တရာယ်များပြီး ထိခိုက် သက်ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

ကားမောင်းပြီးအသက်မွေးသူများမှာလည်း နေ့စဉ်စက်ယာဉ်များဖြင့် သွားလာနေရပြီး အချိန်မရွေး ယာဉ်အန္တရာယ်ကျရောက်နိုင်ခြင်း၊ မိသားစုနှင့် ဝေးကွာသွားလာရသဖြင့် ကူးစက်ရောဂါ ကူးစက်လွယ်နိုင်ခြင်းကြောင့် ထိခိုက် သက်ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

အခြားဒေသသို့ သွားရောက်လုပ်ကိုင်ရှာဖွေစားသောက်ကြရသော ရွှေ့ပြောင်းလုပ်သားများမှာ မိမိတို့ကျေးရွာနှင့် အဝေးသို့သွားရောက် အလုပ်လုပ်ကိုင်ရာတွင် မူးယစ်ဆေးဝါးသုံးစွဲခြင်းများ ရှိလာနိုင်ခြင်း၊လူမှုရေးပြဿနာများပေါ်ပေါက်နိုင်ခြင်း၊ အနိုင်ကျင့်ခံရနိုင်ခြင်းတို့ကြောင့်ထိခိုက်သက်ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသော ဒေသတွင်နေထိုင်သူများ၊ မြစ်ကမ်းနေထိုင်သူများ၊ မတော်တဆဖြစ်နိုင်ခြေများသောနေရာတွင် နေထိုင်သူများ၊ လူနည်းစုလူမျိုးများသည်များစွာထိခိုက်နစ်နာဆုံးရှုံးမှုမရှိသေးသောကြောင့်ထိခိုက် သက်ရောက်နိုင်မှုနိမ့် အခြေအနေတွင်ရှိသည်။

ကျန်လူအုပ်စုများမှာ ထိခိုက်သက်ရောက်နိုင်မှု မရှိကြပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐ ၂☒ ၃☐	၁၀	၅	၁၅	ပညာရေး ☐ ငွေကြေး ☐	ကောင်း☒

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	သင့် ☐ ညံ့ ☐
၂	မီးသတ်	၁☐ ၂☒ ၃☐	၅		၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	ကောင်း☐ သင့် ☒ ညံ့ ☐
၃	အမျိုးသမီး ရေးရာ	၁☐ ၂☒ ၃☐		၈	၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☒ ညံ့ ☐
၄	လူငယ်အဖွဲ့	၁☐ ၂☒ ၃☐	၁၅	၃၀	၄၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☒ သင့် ☐ ညံ့ ☐
၅	ကျောင်း ကော်မတီ	၁☐ ၂☒၃☐	၁၀	၁၀	၂၀	ပညာရေး ☒ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ☒ ညံ့ ☐
၆	ပြည်သူ့စစ်	၁☐ ၂☐ ၃☐	၆		၆	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	ကောင်း☒ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐	ကောင်း☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ခေါင်ဖူးရွာသစ်ကျေးရွာတွင်း အဖွဲ့ပေါင်း (၆) ဖွဲ့ရှိပြီး အဖွဲ့အားလုံးမှာ လူမှုရေးကို အခြေခံသောအဖွဲ့များ ဖြစ်ကြပြီး လူမှုရေးသီးသန့်ဦးဆောင်သောအဖွဲ့ (၅) ဖွဲ့ရှိပြီး လုံခြုံရေးနှင့်ကာကွယ်ရေးကို ဦးဆောင်သော အဖွဲ့(၁)ဖွဲ့ဖြစ်သည်။ ၄င်းအဖွဲ့များအနက် ရပ်ရွာ၏ လိုအပ်ချက်အရဖွဲ့စည်းထားသော အဖွဲ့ (၂) ဖွဲ့ရှိပြီး ၄င်းအဖွဲ့များမှာ ရပ်မိရပ်ဖအဖွဲ့၊ နှင့် လူငယ်အဖွဲ့များမှ စွမ်းဆောင်နိုင်မှုလည်းကောင်းသည်။ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။

လုပ်ငန်းလိုအပ်ချက်အရ ပြင်ပမှဖွဲ့စည်းပေးသောအဖွဲ့ (၄) ဖွဲ့ရှိသည်။ ၄င်းတို့မှာ အမျိုးသမီးရေးရာ၊ မီးသတ်၊ ကျောင်းကော်မတီနှင့် ပြည်သူ့စစ်အဖွဲ့များဖြစ်ပြီး စွမ်းဆောင်ရည်၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ရွာသူ/သားများနှင့်အပြန်အလှန်ယုံကြည်မှု၊ အဖွဲ့ရေရှည်ခံမှုတို့တွင် အားနည်းသည်ကိုတွေ့ရသည်။ လက်ရှိအဖွဲ့များကို ဖွဲ့စည်းတာဝန်ခွဲဝေရာတွင်အဖွဲ့ဝင်ဦးရေအရ ကျား/မ အားလုံး ပါဝင်ကြသော်လည်း အလုပ်တာဝန်ခွဲဝေသည့်အခါ အမျိုးသားများကသာ အရေးပါသော ဆုံးဖြတ်ချက်ချနိုင်သော (ဥက္ကဋ္ဌ/ အတွင်းရေးမှူး စသည်) တာဝန်များကိုယူလေ့ရှိကြပြီး အမျိုးသမီးများမှာ အရေးမပါသော (အဖွဲ့ဝင်/သော့ထိမ်းစသည်)တာဝန်များကိုပေးလေ့ရှိကြသည်။ထို့ကြောင့်အဖွဲ့အစည်းများဖွဲ့စည်းရာတွင်အမျိုးသား/သမီးအနည်းငယ်ခွဲခြားမှု ရှိသည်ကိုတွေ့ရသည်။ ထို့ကြောင့်လက်ရှိကျေးရွာအတွင်းရှိအဖွဲ့အစည်းများမှာ မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးကို စနစ်တကျဦးဆောင်နိုင်ခြင်းမရှိသေးဘဲ စွမ်းဆောင်ရည် အားနည်းနေသေးသည်ကိုတွေ့ရသည်။ ၄င်းအဖွဲ့များ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည် ဖွံ့ဖြိုးရန် လိုအပ်နေသေးသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	**အမည်**	**အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

